# အာရှ Physiotherapy ကျောင်းသား အဖွဲ့အစည်း မိတ်ဆက်စာ

အာရှ Physiotherapy ကျောင်းသား အဖွဲ့အစည်းကို အာရှတိုက်ရှိ Physiotherapy သင်ရိုးပြဌာန်းနိုင်ငံများပေါင်းစည်း၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။
မြန်မာနိုင်ငံသည် ၂၀၁၂ခုနှစ်မှစ၍ MPTS (Myanmar Physiotherapy Society) Facebook စာမျက်နှာမှတစ်ဆင့် ပူးပေါင်းဆက်သွယ်မိခြင်းဖြစ်ပါသည်။
APTSA (Asia Physical Therapy Student Association) သည် ကျောင်းသားအဖွဲ့အစည်းဖြစ်ပါ၍ APTSA နှင့်ရေ့ဆက်ပူးပေါင်း အလုပ်လုပ်လိုခြင်းအလို့ငှာ မြန်မာနိုင်ငံ Physiotherapy ကျောင်းသား/သူအဖွဲ့အစည်း, Myanmar Physiotherapy Student Society (MPSS)ဟူ၍ ၂၀၁၂နှောင်းပိုင်းမှစတင်တည်ထောင်လိုက်ခြင်းဖြစ်ပါသည်။
https://www.facebook.com/myanmarptstudentsociey




## အဖွဲ့အစည်းအဓိကရည်ရွယ်ချက်များမှာ

- အာရှနိုင်ငံများရှိ Physiotherapy ကျောင်းသား/သူများအချင်းချင်း ညီညွတ်စွာပေါင်းသင်းဆက်ဆံမှုရရှိစေရန်။
- ကျောင်းသား/သူများ ပညာရေး နယ်ပယ်ကိုတိုးချဲ့၍ Physiotherapy ပညာရေးတိုးမြှင့်နိုင်ရန်။
- အာရှနိုင်ငံများရှိ Physiotherapy ကျောင်းသား/သူများအားနိုင်ငံတကာအဆင့် အရည်အချင်း ပြည့်မီဖို့ရာ ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

MPSS သည် APTSA တရားဝင်အဖွဲ့အမှုဆောင်အသင်းဖြစ်၍ ၂၀၁၃-၁၄ ခုနှစ်အတွက်ဘဏ္ဍာထိန်းသိမ်းရေး နှင့် ဆောင်ရွက်ရေး အလုပ်တာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။
APTSA သည်နှစ်စဉ်ကျောင်းသား ကွန်ဂရက်များကို အဖွဲ့ဝင်နိုင်ငံများ တစ်လှည့်စီအိမ်ရှင်အဖြစ် ဆောင်ရွက်လျက်ရှိရာ ယခုနှစ် (၂၀၁၄) တွင်ထိုင်းနိုင်ငံ ကျောင်းသား/သူများအသင်းမှ ငါးကြိမ်မြောက်ကွန်ဂရက်ကို အိမ်ရှင်အဖြစ် ဆောင်ရွက်မည်ဖြစ်ပါသည်။




မြန်မာနိုင်ငံသည်ပထမဦးဆုံးအနေဖြင့်ထိုင်ဝမ်နိုင်ငံ၊တိုင်ကျုံးမြို့တွင်ကျင်းပခဲ့သော(4th APTSA annual congress) လေးကြိမ်မြောက်ကွန်ဂရက်မှစတင်တက်ရောက်နိုင်ခဲ့ပါသည်။




